ဖျောက်ဆိပ်ပင်ကျေးရွာ

ဖျောက်ဆိပ်ပင်ကျေးရွာအုပ်စု

ကျောက်ဆည်မြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံချက် (၂၀၁၉ - ၂၀၂၃)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ဖျောက်ဆိပ်ပင်ကျေးရွာ၊ ကျောက်ဆည်မြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီရေးဆွဲသည်)

၂၀၁၉ ခုနှစ်၊ ဩဂုတ်လ

မာတိကာ

မာတိကာ ၂

၁. ကျောက်ဆည်မြို့နယ်၊ ဖျောက်ဆိပ်ပင်အုပ်စု၊ဖျောက်ဆိပ်ပင်ကျေးရွာ၏ သယံဇာတပြမြေပုံ ၃

၂. ကျောက်ဆည်မြို့နယ်၊ ဖျောက်ဆိပ်ပင်အုပ်စု၊ဖျောက်ဆိပ်ပင်ကျေးရွာ၏ ရာသီခွင်ပြ ပြက္ခဒိန် ၄

၃. ကျောက်ဆည်မြို့နယ်၊ ဖျောက်ဆိပ်ပင်အုပ်စု၊ဖျောက်ဆိပ်ပင်ကျေးရွာ၏ကျေးရွာတွင်း၊ရွာပြင်အဖွဲ့အစည်းများ ချိတ်ဆက်မှုပြပုံ ၅

၄. ကျောက်ဆည်မြို့နယ်၊ဖျောက်ဆိပ်ပင်အုပ်စု၊ဖျောက်ဆိပ်ပင်ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

၄.က။ တည်နေရာနှင့်ပထဝီ အနေအထား ၆

၄.ခ။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ ၆

၄.ဂ။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ ၇

၄.ဃ။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ ၇

၄.င။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ ၈

၄.စ။ ပညာရေး ၉

၄.ဆ။ ကျန်းမာရေး ၉

၄.ဇ။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ၁၀


၄.ဈ။ ကျား – မ ရေးရာ ၁၀

၅. ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ၁၂


နောက်ဆက်တွဲများ

- နောက်ဆက်တွဲ ၁ ကျေးရွာဖွံ့ဖြိုးရေးကော်မတီစာရင်း ၁၃
- နောက်ဆက်တွဲ ၂ ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြုဇယားများ ၁၄
- နောက်ဆက်တွဲ ၃ ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာတည်ဆောက်မှု ဇယား ၆၉
- နောက်ဆက်တွဲ ၄ ဦးစားပေးစီမံချက် အဆိုပြုလွှာ (၁) ၇၃


၁. ကျောက်ဆည်မြို့နယ်၊ ဖျောက်ဆိပ်ပင်အုပ်စု၊ဖျောက်ဆိပ်ပင်ကျေးရွာ၏ သယ်ဇာတပြမြေပုံ



၂.ကျောက်ဆည်မြို့နယ်၊ ဖျောက်ဆိပ်ပင်အုပ်စု၊ဖျောက်ဆိပ်ပင်ကျေးရွာ၏ ရာသီခွင်ပြ ပြကွဒိန်



၃. ကျောက်ဆည်မြို့နယ်၊ ဖျောက်ဆိပ်ပင်အုပ်စု၊ဖျောက်ဆိပ်ပင်ကျေးရွာ၏ ကျေးရွာတွင်း၊ရွာပြင်အဖွဲ့အစည်းများ ချိတ်ဆက်မှုပြပုံ



၄. ကျောက်ဆည်မြို့နယ်၊ ဖျောက်ဆိပ်ပင်အုပ်စု၊ ဖျောက်ဆိပ်ပင်ကျေးရွာ၏ ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

၄.က။ တည်နေရာနှင့်ပထဝီအနေအထား

ဖျောက်ဆိပ်ပင် ကျေးရွာသည် မန္တလေးတိုင်းဒေသကြီး ၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်တွင် ပါဝင်သော ကျေးရွာတစ်ရွာဖြစ်ပြီး ကျောက်ဆည်မြို့၏ အရှေ့ဘက်(၈)မိုင်ခန့်တွင် တည်ရှိပါသည်။ ကျေးရွာ၏ အကျယ်အဝန်းမှာ(၅၀)ဧကခန့်ရှိပါသည်။ ကျေးရွာ၏ အရှေ့ဘက်နှင့် တောင်ဘက်တွင် ဘုန်းကြီးကျောင်း(၂)ကျောင်း တည်ရှိပါသည်။ ၎င်းအပြင် ကျေးရွာအရှေ့ဘက်တွင် စာသင်ကျောင်းနှင့်ဘောလုံးအားကစားကွင်းအပြင် ၊ ကျေးလက် ဆေးပေးခန်း၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးခန်း တည်ရှိပါသည်။ ကျေးရွာ၏ အနီးပတ်ဝန်းကျင်ရွာများမှာ အရှေ့ဘက်တွင် ရွာသစ်ကျေးရွာ၊ ရေသရောက်ကျေးရွာ၊ ချောင်းဆုံကျေးရွာတည်ရှိပြီး၊ကျေးရွာ၏မြောက်ဘက်တွင် အရှေ့ရေပြားတောကျေးရွာ၊ဓါတ်တော်သပြေကုန်း ကျေးရွာ၊ ကျေးရွာ၏အနောက်တောင်ဘက်တွင်မှိုင်းပန်ကျေးရွာ၊ကလေးကျေးရွာ၊ သင်္ဂီတုံကျေးရွာများ တည်ရှိပါသည်။ ကျောက်ဆည်မြို့အရှေ့ဘက် ရွှေသလျောင်းတောင်ခြေမှ ကားလမ်းဖြင့်လာရောက်နိုင်ပါသည်။ ကျေးရွာ၏ မြောက်ဘက်တွင် တိုက်နယ်ဆေးရုံးနှင့် မင်္ဂလာခန်းမ တည်ရှိပြီး အရှေ့ဘက်(၁)မိုင်ခန့်အကွာတွင် အ.ထ.က (၄) အထက်တန်း စာသင်ကျောင်းတည်ရှိပါသည်။ကျေးရွာပတ်ဝန်းကျင် မှာတောင်တန်းများနှင့် ဝန်းရံထားပါသည်။

၄.ခ။ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

ဖျောက်ဆိပ်ပင်ကျေးရွာ၏ ရာသီဥတုအခြေအနေမှာ သာမန်အားဖြင့် နွေရာသီတွင် အပူချိန် ၄၀°C အမြင့်ဆုံးရှိပြီး အနိမ့်ဆုံးအပူချိန်မှာ ၃၂°C ရှိတက်ပါသည်။သဘာဝတောင်တန်းများ၊ သစ်တောများနှင့် သဘာဝစိမ့် စမ်းရေအိုင်များရှိခြင်းကြောင့်အပူချိန်အနည်းငယ် လျော့နည်းပါသည်။ မိုးရာသီကာလတွင် မိုးရေချိန်အဆင့်အတင့် ရရှိပါသည်။သဘာဝအရင်းအမြစ် ထွက်ရှိမှုအနေဖြင့် သဲ၊ကျောက်၊ထုံးအစရှိသည့် သဘာဝသတ္တုပစ္စည်းများလည်း ရှိပါသည်။၎င်းသတ္တုတွင်းထွက်ပစ္စည်းများကို ဥပဒေနှင့်အညီ ထုတ်မည် ဆိုပါက ဒေသခံများအနေဖြင့် အလုပ်အကိုင်အခွင့်အလမ်းနှင့် ပတ်ဝန်းကျင် ကျေးရွာများမှာ စားဝတ်နေရေး၊ ဒီထက်မက ဖွံ့ဖြိုးတိုးတက်နိုင် ပါသည်။

မိုးရာသီတွင် တစ်ခါတရံ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် လမ်းများပျက်စီးမှုဖြစ်ပေါ်ပြီး တစ်ခါတရံ မိုးခေါင်ခြင်းကြောင့် ရာသီဥတုမှန်ကန်ခြင်းမရှိပါ။

ယာမြေများမှာ မိုးရေသောက်စနစ်ဖြစ်ပြီး နွေရာသီတွင်ရေရှားမှုနှင့် ရင်ဆိုင်ရသောအခါ စိုက်ပျိုးရေ ရရှိရေးအတွက် မြေအောက်ရေအရင်းအမြစ်များမှ စက်ရေတွင်းများဖြင့် စိုက်ပျိုးရေကိုခက်ခဲစွာ အသုံးပြု ကြရပါသည်။ ကျေးရွာ၏ယာမြေများအားလုံးသည် မိုးရေသောက်စနစ်တစ်ခုတည်းသာ စိုက်ပျိုးရကြ၍ သီနှံအား ရာသီအလိုက် စိုက်ပျိုးကြရပါသည်။ တောင်ခြေတောင်ရင်းများတွင် ပလပ်မြေများအနည်းငယ်ရှိပြီး ထွန်ယက် စိုက်ပျိုး၍ရသည့် မြေများကို ဌက်ပျော ၊ ပဲတီစိမ်းနှင့် ဝါတို့ကို အဓိကထား စိုက်ပျိုးကြပါသည်။

၄.၈။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ

ဖျောက်ဆိပ်ပင်ကျေးရွာတွင် စီးပွားရေးကို အခြေခံသောအဖွဲ့(၆)ဖွဲ့၊ လူမှုရေးကိုအခြေခံသော အဖွဲ့(၁)ဖွဲ့၊ ဘာသာရေးကို အခြေခံသောအဖွဲ့(၁)ဖွဲ့၊ စုစုပေါင်း(၈)ဖွဲ့ရှိပါသည်။ ၎င်းအဖွဲ့အစည်းများသည် ၎င်းတို့၏ သက်ဆိုင်ရာ ကဏ္ဍအလိုက် တာဝန်များကို ထမ်းဆောင်လျက်ရှိသည်။ ကျေးရွာရှိ အဆိုပါအဖွဲ့ အစည်းများမှာ အပြန်အလှန် ယုံကြည်မှု၊တာဝန်ယူမှု၊ တာဝန်ခံမှု၊ ပူးပေါင်းဆောင်ရွက်မှု အပြည့်ရှိကြပါသည်။

ဖျောက်ဆိပ်ပင် ကျေးရွာဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုများတွင် အုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖများ ၊ ကျေးရွာဖွံ့ဖြိုးရေး ကော်မတီများနှင့်ပူးပေါင်းညှိနှိုင်း၍ ဘာသာရေးဆိုင်ရာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် သာသနာ့ အကျိုးတော်ဆောင်များ ဖြစ်သောဂေါပဂလူကြီးများ အဖွဲ့ဖွဲ့စည်းပေး၍ ဘာသာရေးလုပ်ငန်းများတွင် စီမံခန့်ခွဲ ဆောင်ရွက်စေခြင်း၊ ပညာရေးဆိုင်ရာလုပ်ငန်းများတွင် စာသင်ကျောင်း၏အကျိုးတော်ဆောင်ကော်မတီများ ဖွဲ့စည်း၍စီမံခန့်ခွဲ ဆောင်ရွက်ခြင်း၊ ကျန်းမာရေးဆိုင်ရာလုပ်ငန်းများတွင် ကူညီဆောင်ရွက်ပေးနိုင်ရန်အတွက် ပရဟိတလူမှုကူညီရေးအသင်း ဖွဲ့စည်း၍ စီမံဆောင်ရွက်ခြင်း၊ ကျေးရွာလျှပ်စစ်မီးလင်းရေးတွင် ကိုယ်အားကိုယ်ကိုး လျှပ်စစ်မီးလင်းရေးကော်မတီဖွဲ့စည်း၍ ဓါတ်အားလိုင်းများထိန်းသိမ်းခြင်း၊ ကျေးရွာ ဖွံ့ဖြိုးရေး လုပ်ငန်းဖြစ်သောလမ်းများ၊ ကျေးရွာပိုင်အဆောက်အဦးများကို ပြုပြင်ထိန်းသိမ်းခြင်း စသော စီမံခန့်ခွဲမှုများတွင် အဖွဲ့အစည်း အလိုက်တာဝန်ပေးအပ်၍ လုပ်ကိုင်ဆောင်ရွက်ကြပါသည်။

၄.၉။ စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ

ဖျောက်ဆိပ်ပင်ကျေးရွာ၏ အဓိကစီးပွားရေးလုပ်ငန်းမှာ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းဖြစ်ပါသည်။ အိမ်ထော င်စုမှာ(၁၀၃၁)ရှိသည်အနက်မှ အိမ်ခြေ(၉၇၅)အိမ်ခြေတည် ရှိပါသည်။ အိမ်ခြေ(၈၀၀)ကျော်မှာ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်ပြီး(၁၀၀)ကျော်မှာ မွေးမြူရေးလုပ်ငန်းနှင့် ကျန်ရှိနေသော အိမ်ထောင်စုဝင်များမှာနိုင်ငံတော် ဝန်ထမ်းများ၊စက်မှုလက်မှုလုပ်ငန်းများ၊ လက်သမားလုပ်ငန်း၊ ပန်းရံလုပ်ငန်း၊ပန်းပဲလုပ်ငန်း၊အရောင်းအဝယ်နှင့် အခြားကျပန်းလုပ်ငန်းများ လုပ်ကိုင်ကြပါသည်။

စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူများမှ မိုးဦးကာလတွင်စတင်စိုက်ပျိုးရပါသည်။ ဆည်မြောင်းများ မရှိပါ။မိုးဦး ကာလတွင် ပဲတီစိမ်းသီးနှံ၊ မိုးလည်ကာလတွင်ဝါ ၊မိုးနှောင်းကာလတွင် ကုလားပဲ၊ ခရမ်းချဉ်၊ ပဲမျိုးစုံစသည့်သီးနှံများ စိုက်ပျိုးထုတ်လုပ်ပါသည်။ တည်ငြိမ်သောဈေးကွက်စီးပွားရေးနှင့် ဒေသထွက်ကုန်သီးနှံများကိုဈေးနှုန်းမှန်ကန်စွာ ရောင်းရမည်ဆိုပါက တောင်သူများအနေဖြင့် ဒီထက်မက ဖွံ့ဖြိုးတိုး တက်နိုင်ပါသည်။ နိုင်ငံတော်အနေဖြင့် ဆည်မြောင်းများ တည်ဆောက်ဖောက်လုပ်ပေးမည်ဆိုပါက လက်ရှိစိုက်ပျိုးသီးနှံများအပြင် စပါးစသည့်သီးနှံများ တိုးချဲ့စိုက်ပျိုးနိုင်မည် ဖြစ်သည်။ ဒုတိယအသက်မွေးဝမ်း ကျောင်းအနေဖြင့် နွား၊ နို့စားနွား၊ကြက်၊ ဝက်နှင့် သိုး၊ ဆိတ်များ မွေးမြူကြပါသည်။

၄.c။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ (လမ်းတံတား၊ အခြားအခြေခံအဆောက်အဦများ၊

လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး)

ဖျောက်ဆိပ်ပင်ကျေးရွာတွင် အခြေခံအဆောက်အဦများအနေဖြင့် ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၊ ကျန်းမာရေး ဆေးပေးခန်း၊တိုက်နယ်ဆေးရုံ၊ မင်္ဂလာဆောင်ခန်းမ၊ အစိုးရမူလတန်းကျောင်း တည်ရှိပါသည်။ ဖျောက်ဆိပ်ပင်ကျေးရွာ၏ ရွာတွင်းလမ်းများသည် မြေသားလမ်းများဖြစ်ပြီး မိုးရာသီတွင် တောင်ကျရေများမှ ရေများထိုးချပြီး မြေသားများကို တိုက်စားကာ ချိုက်ခွက်များနေရာအများတွင် ဖြစ်ပေါ်ပြီးသွားလာ၍ မကောင်းသောကြောင့် နှစ်စဉ်မြေကျောက်များဖြင့် ကျေးရွာတွင် ဝိုင်းဝန်းပြင်ဆင်ရ၍ ငွေကြေးနှစ်စဉ် ကုန်ကျနေရပြီး ၎င်းအခက် အခက်အခဲများကိုဖြေရှင်းရန်အတွက် ကွန်ကရစ်လမ်းအဖြစ်သို့ အဆင့်မြှင့်တင်ဖို့ ရန်လိုအပ်သည်။

လျှပ်စစ်မီးလင်းရေးအခြေအနေမှာ စုစုပေါင်းအိမ်ခြေ(၉၇၅)အိမ်ထောင်စုရှိသည့်အနက် အိမ်ခြေ (၄၆၀)မှာ လျှပ်စစ်မီးပေးနိုင်ရန်အတွက် သက်ဆိုင်ရာဌာနဆိုင်ရာများနှင့် ချိတ်ဆက်ဆောင်ရွက် လျှက်ရှိပါသည်။ သယ်ယူပို့ဆောင်ရေး ယာဉ်များကို ဇယားတွင်ဖော်ပြထားပါသည်။စက်ဘီး(၁၉၀)စီးမှာ ရွာတွင်းနှင့် ကျောင်းသား များ ကျောင်းသွားရန်သာ အသုံးပြုကြသည်။ ဆိုင်ကယ် (၃၅၀) စီးမှာ သယ်ယူ ပို့ဆောင်ရေး ဝန်တင် အဖြစ်သုံးပြီး၊ လုပ်ငန်းသုံးအနေဖြင့် ထော်လာကျီ (၁၀) စီးရှိသည်။ ကားအစီး (၁၆)စီး မှာ လုပ်ငန်းသုံးနှင့် အိမ်စီးကားများ ဖြစ်သည်။

ကျေးရွာတွင် မိုဘိုင်းဖုန်း ဆက်သွယ်ရေးကို ဈေးကွက်နှင့် အခြားလူမှုဝန်ဆောင်မှု လုပ်ငန်းများ အတွက် လက်လှမ်းမီ အသုံးပြုနိုင်ကြသည်။ ကျေးရွာတွင် အင်တာနက် အသုံးပြုနိုင်မှုမှာ အသင့်အတင့်မျှသာ ကောင်းမွန်ပြီး အခြားသတင်း အချက်အလက်များအတွက် ချိတ်ဆက်အသုံးပြုနိုင်သည်။ လျှပ်စစ်မီး ရရှိသော

အိမ်များနှင့် ဆိုလာတပ်ဆင်အသုံးပြုသောအိမ်ထောင်စု၏ ၃၀%ခန့်မှာ တီဗွီမှ ဗဟုသုတအစီအစဉ်များ ကြည့်ရှုကြသည်။

၄.စ။ ပညာရေး

ဖျောက်ဆိပ်ပင်ကျေးရွာတွင် အခြေခံမူလတန်းကျောင်းရှိသည့်အတွက် ကျေးရွာရှိ ကလေးများ ပညာရေးကိုအလွယ်တကူသင်ကြားခွင့်ရရှိကြပါသည်။ ကျောင်းသား/ ကျောင်းသူများမှာလည်း အခြေခံပညာ အဆင့်ထိ (၄၆၁)ဦးခန့် ရှိပါသည်။ လက်ရှိစာသင်ကျောင်း၏ စုစုပေါင်း ကြမ်းခင်းဧရိယာ စတုရန်းပေ (၅၀) ရှိသည်။ စာသင်ကျောင်းဆောင်၏အရည်အသွေးမှာ သင့်တင့်သည့် အနေအထားရှိပြီး ကျောင်းပရိဘောဂများ လုံလောက်မှု မရှိသေးပါ။ အထက်တန်း ပညာသင်ကြားရန်အတွက် ဖျောက်ဆိပ်ပင်ကျေးရွာနှင့် (၁၀)မိုင်ခန့် ကွာဝေး သော ကျောက်ဆည်မြို့ အခြေခံပညာအထက်တန်း ကျောင်းသို့ သွားရောက်သင်ကြားနေရပါသည်။ ထိုဝေးကွာသော အထက်တန်းကျောင်းများကို သွားရောက်ထားကြရ၍ ချို့တဲ့သောမိဘများအနေဖြင့် ငွေကြေးအခက် အခဲများရှိခြင်းကြောင့် ကျောင်းထုတ် လိုက်ကြခြင်း၊ ပြီးဆုံးအောင်မြင်အောင် မထားနိုင်ကြခြင်းများရှိ၍ ကျေးရွာ အဆင့်အနေဖြင့် ဆိုးရွားသော အခြေအနေတွင်မရှိသော်လည်း နိုင်ငံတော်အနေဖြင့် ပညာရေး ဘတ်ဂျတ်တိုးမြှင့်ချထားပြီး ၎င်းပြဿနာများ ဖြေရှင်းပေးနိုင်ပါက ပိုမိုတိုးတက် ကောင်းမွန်သော မျိုးဆက်သစ်များ မွေးထုတ်နိုင်လိမ့်မည် ဖြစ်ပါသည်။

ကျေးရွာ၏ စာမတတ်သူဦးရေမှာ ၉နှစ်အထက် စုစုပေါင်းလူဦးရေ၏ (၁.၂%)ဖြစ်ပြီး မူလတန်း ပညာပြီးဆုံးသူမှာ (၃.၈%) ဖြစ်သောကြောင့် အများဆုံးရာနှုန်းဖြစ်နေသည်ကို တွေ့ရှိရပါသည်။ စာတတ် မြောက်မှုနှုန်းကို ခြုံ၍ကြည့်ပါက မူလတန်းပညာ ပြီးဆုံးသူ(၃.၈%)၊ အလယ်တန်းပညာ ပြီးဆုံးသူ (၂.၅၉%)၊ အထက်တန်းပညာပြီးဆုံးသူ (၄.၁၂%)၊ တက္ကသိုလ်ပညာ ပြီးဆုံးသူ(၁.၃၇%)ဖြစ်သောကြောင့် ကျေးရွာတွင် စာတတ်မြောက်မှုနှုန်းများခြင်းနှင့် ပညာရေး စိတ်ဝင်စားသော ကျေးရွာဖြစ်ကြောင့် လေ့လာတွေ့ရှိရပါသည်။

အသက်မွေးဝမ်းကျောင်း ကျွမ်းကျင်မှုများမှာ နိမ့်ကျဆဲဖြစ်ပြီး လူငယ်လူရွယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ရှိသော်လည်းကိုယ်ပိုင်ကျွမ်းကျင်မှုအားနည်းဆဲဖြစ်ပါသည်။

၄.ဆ။ ကျန်းမာရေး

ဖျောက်ဆိပ်ပင်ကျေးရွာတွင် တိုက်နယ်ဆေးရုံးနှင့် ကျန်းမာရေးဆေးပေးခန်းရှိသည်။ ရွာသူ/ သား များ၏ ကျန်းမာရေးနှင့်ပတ်သက်၍ ကူးစက်ရောဂါဖြစ်ပွားသူများမှာ အနည်းငယ်ရှိပြီး အများစုမှာ ကျန်းမာရေး ကောင်းမွန်ကြပါသည်။ တစ်ခါတစ်ရံ ကလေးများ ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ခြင်း၊ ရာသီပေါ်တုတ်ကွေး၊

ဖျားနာခြင်းတို့ ဖြစ်ပေါ်တက်ပါသည်။ ထို့ကြောင့် အရေးပေါ်ကိစ္စများတွင် ကျန်းမာရေး ဝန်ဆောင်မှု ရရှိနိုင်ရန်အတွက်တိုက်နယ်အဆင့်သို့ သွားရောက်ပြီး ဆေးကုသမှုခံယူရပါသည်။ သောက်ရေအတွက် စိမ့်စိမ်းရေရှိ သည့်သောကြောင့် သောက်ရေအတွက် အခက်အခဲမရှိပါ။ သို့သော် ရေအရည်အသွေး စမ်းသပ် စစ်ဆေးမှုများ မရှိသေးပါ။

ကျေးရွာအိမ်ထောင်စု အများစုမှာ ယင်လုံအိမ်သာ သုံးစွဲကြပါသည်။ စုစုပေါင်းအိမ်ထောင်စု၏ (၂.၅၂%)ခန့်သည် အိမ်သာမရှိသူများ ဖြစ်ကြသည်။ ယင်လုံအိမ်သာ မသုံးစွဲသော မိသားစုအချို့မှာ ဆင်းရဲသော မိသားစုများနှင့် ကျန်းမာရေး အသိမရှိသေးသော မိသားစုများသာဖြစ်ပါသည်။ ၎င်းတို့အား ယင်လုံအိမ်သာ သုံးစွဲခြင်းဖြင့် ကျန်းမာရေး၏ အရေးကြီး ပုံများကို အသိပညာပေးခြင်း ပြုလုပ်ပေးရန် လိုအပ်ပါသည်။

၄.၈။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး

ဖျောက်ဆိပ်ပင်ကျေးရွာတွင် စိုက်ခင်းများတွင် ဖျက်ပိုးများကျရောက်တတ်ခြင်းကြောင့် ပိုးသတ်ဆေးနှင့် ဓာတုမြေဩဇာ သုံးစွဲမှုများပြားသဖြင့် မြေဆီလွှာအရည်အသွေး ကျဆင်းလာနိုင်သည်။ တောင်သူများအနေဖြင့် ဘက်စုံပိုးမွှား နှိမ်နှင်းရေးစနစ်အစား ဓါတုပိုးသတ်ဆေးများကိုသာ အသုံးပြုမှု များပြားသည်။ စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုတွင်လည်း ပလပ်စတစ်အိတ်ခွံ၊ ပုလင်းခွံ၊ ဗူးခွံများကို စနစ်တကျ မစွန့်ပစ်ကြသဖြင့် သဘာဝ ပါတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးလုပ်ငန်းများ မြှင့်တင် ဆောင်ရွက်ပေး သင့်သည်။ ကျေးရွာတွင် တစ်ခါတစ်ရံ အပူချိန်မြင့်မားခြင်း၊ မိုးခေါင်ခြင်း၊ လေပြင်းများ တိုက်ခက်ခြင်း၊ မိုးသီးများကြွေကျခြင်း၊ မိုးသည်းထန်စွာ ရွာသွန်းခြင်းကြောင့် တောင်ကမ်းပါးယံများပြိုကျခြင်း အစရှိသော ဘေးအန္တရာယ်များ ဖြစ်ပေါ် လာနိုင်ပါသည်။ အပူချိန်မြင့်မား၍ မိုးခေါင်ခြင်းတို့ကြောင့် စိုက်ပျိုးရေးရှားပါးမှုနှင့် ကြုံတွေ့ရပြီး လေပြင်းများ တိုက်ခတ်ခြင်း၊ မိုးသီးများ ကြွေကျခြင်း၊ မိုးသည်းထန်စွာရွာသွန်း၍ တောင်ကမ်းပါးယံများပြိုကျပျက်စီးမှုများ၊ ရေလျှံမှု များဖြစ်ပေါ်နိုင်ခြင်း တို့ကြောင့် လူနေအိမ်များ ပျက်စီးနိုင်ခြင်း၊ စိုက်ပျိုးသီးနှံများ၊ ပျက်စီးဆုံးရှုံးနိုင်ခြင်း၊ အစရှိသော ဘေးအန္တရာယ်များလည်း ဖြစ်ပေါ်လာ နိုင်ပါသည်။

၄.၈။ ကျား – မရေးရာ

ဖျောက်ဆိပ်ပင်ကျေးရွာတွင် ကျား–မ ရေးရာကိစ္စဆိုင်ရာ အနေအထားမှာတန်းတူ အခွင့်အရေး ရရှိသည်။ ကျား–မ ရေးရာဆိုင်ရာ တာဝန်ယူမှု အပိုင်းတွင်လည်း ကျေးရွာလူမှုအဖွဲ့အစည်း၏ စံနှုန်းများအရ ကောင်းစွာ သတ်မှတ်ထားကြသည်။ ကျေးရွာတွင် ကျားနှင့်မအကြား ပြင်းထန်သော အိမ်တွင်း

အကြမ်းဖက်မှုနှင့် ခွဲခြား ဆက်ဆံခြင်းကိစ္စများ မတွေ့ရပါ။ ကျေးရွာတွင် အမျိုးသား၊ အမျိုးသမီးများသည် သာမန်အားဖြင့်ပညာရေးနှင့် အခြားနယ်ပယ်များတွင် အခွင့်အရေးတူညီစွာရရှိသည်ဟု ယေဘုယျပြော နိုင်ပါသည်။ ပညာရေးနှင့်ဆိုင်သော ကိန်းဂဏန်းများအရ ပညာသင်ယူရေးဆိုင်ရာ အခွင့်အရေးမှာ အမျိုးသမီးများသည် အမျိုးသားများနှင့် အတူတူပင် ဖြစ်သည်။

ဖျောက်ဆိပ်ပင်ကျေးရွာတွင် ကျား/မမရွေး လူကြီးလူငယ်မရွေး နှစ်စဉ်ဝါတွင်းကာလ၌ ဆွမ်းတော်ကြီး လှည့်ခြင်းကို သာသနာ့အကျိုးတော်ဆောင် ဂေါပကအဖွဲ့များနှင့် ပူးပေါင်း၍ လှည့်လည်ခြင်း၊ ဝါတွင်းကာလ ဥပုသ်နေ့များ၌ ပိဏ္ဍာပတ်ဆွမ်းလောင်းခြင်း၊ ကျေးရွာတွင်း သာရေးနာရေးများတွင်လည်း ကူညီဆောင်ရွက်ခြင်း၊ ကျေးရွာလုံခြုံရေး လုပ်ငန်းများ၊ ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ခြင်းနှင့် (၁၂)လရာသီပွဲတော်များတွင် ဦးဆောင်၍ ဆောင်ရွက်ကြပါသည်။ဖျောက်ဆိပ်ပင်ကျေးရွာ အမျိုးသမီးများမှာ ဘာသာရေးပွဲများတွင် ဓမ္မစကြာ ရွတ်ဖတ်ပူဇော်ခြင်း၊ နာရေးများတွင် သံဝေဂအလင်္ကာများ ရွတ်ဆိုပို့ဆောင်ခြင်းကြောင့် ပညာရေး၊ လူမှုရေး၊ ကျန်းမာရေးလုပ်ငန်းများတွင် အမျိုးသားများနှင့် တန်းတူ ရင်ဘောင်တန်း၍ ပူးပေါင်း ဆောင်ရွက်ကြပါသည်။

စိုက်ပျိုးရေးတွင် လုပ်ကိုင်ကြသော အမျိုးသားများ၏ ပျမ်းမျှတစ်ရက်လုပ်အားခမှာ (၈၀၀၀/–) ကျပ် ဖြစ်ပြီး၊ လက်သမား၊ ပန်းရန်စသော လက်မှုပညာဖြင့် လုပ်ကိုင်ကြသော အမျိုးသားများ၏ ပျမ်းမျှ တစ်ရက်လုပ်အားခမှာ (၇၀၀၀/_) ကျပ်ဖြစ်ပါသည်။ စိုက်ပျိုးရေးလုပ်ငန်းများတွင် လုပ်ကိုင်ကြသော အမျိုးသမီး များ၏ တစ်ရက် လုပ်အားခပျမ်းမျှမှာ (၅၀၀၀/–)ကျပ်ရရှိပြီး အခြားဆောက်လုပ်ရေး လုပ်ငန်းများဖြစ်သော ပန်းရံ၊ လက်သမား၊ ကျပန်းလုပ်ငန်းများတွင် အမျိုးသားပျမ်းမျှ (၄၀၀၀/ –) ကျပ်နှင့် အမျိုးသမီးပျမ်းမျှ (၄၀၀၀/ –) ကျပ် ရရှိကြသည်။ အခြားနိုင်ငံဝန်ထမ်းများ တွင်အမျိုးသား၊ အမျိုးသမီး ရာထူးတူလစာနှုန်း တူများရရှိကြ၍ အခြားအဖွဲ့အစည်းများဖြစ်သော စက်ရုံ၊အလုပ်ရုံများတွင် လုပ်ကိုင်နေကြသူများလည်းရှိပါသည်။

၅. ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

စီမံချက်အမည်	ဦးစားပေးအဆင့်	စီမံချက်အမည်	ဦးစားပေးအဆင့်
ကျေးရွာတွင်းလမ်းအဆင့်မြှင့်ကွန်ကရစ်လမ်းခင်းပေးရန်	၁	ကျေးရွာစာသင်ကျောင်းမူလတန်းအဆင့်မှအလယ်တန်းအဆင့်သို့ တိုးမြှင့်ပေးရန်နှင့်ပညာရေး/ဆရာ/မလုံလောက်စွာခန့်ထားပေးရန်	၉
စက်ရေတွင်းတူးဖော်ပေးရန်	၂	ကျေးရွာတွင်းမီးလင်းရေးရရှိရန်	၁၀
မျိုးကောင်းမျိုးသန့်များချထားပေးရန်	၃	မှန်ကန်သောဈေးကွက်ဥပဒေချထားပေးရန်	၁၁
အမှိုက်သိမ်းကားချထားပေးရန်	၄	ကျေးရွာအားကစားပစ္စည်းများထောက်ပံ့ပေးရန်	၁၂
စိုက်ပျိုးရေးအတွက်ဓါတ်မြေဩဇာများထောက်ပံ့ပေးရန်	၅	ကျေးရွာတွင်းအသက်မွေးဝမ်းကျောင်းသင်တန်းများဖွင့်လှစ်ပေးရန် (စက်ချုပ်)	၁၃
ကျေးရွာတွင်းလမ်းတိုးချဲ့ပေးရန်	၆	ကျေးရွာတွင်းစာကြည့်တိုက်အတွက်စာရေးကိရိယာများချထားပေးရန်	၁၄
စိုက်ပျိုးရေစက်ကိရိယာများချထားပေးရန်	၇		
စိုက်ပျိုးရေးနည်းပညာပေးဟောပြောပွဲများလုပ်ပေးရန်	၈		

နောက်ဆက်တွဲ (၁)

ဖျောက်ဆိပ်ပင်ကျေးရွာ၊ဖျောက်ဆိပ်ပင်ကျေးရွာအုပ်စု၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁	ဦးကံထွန်း	ဦးလုံး	၉/ကဆန(နိုင်) ၀၅၁၇၆၈	၅၁	ဥက္ကဋ္ဌ	၀၉-၄၀၂၇၀၇၇၀၇
၂	ဦးရွှေမန်း	ဦးကျော်တင့်	၉/ကဆန(နိုင်) ၁၂၆၇၄၄	၃၄	အတွင်းရေးမှူး	၀၉-၇၉၇၅၉၄၅၁၀
၃	ဦးသောင်းနိုင်	ဦးလှဌေး	၉/ကဆန(နိုင်) ၁၁၃၆၃၆	၄၀	ဘဏ္ဍာရေးမှူး	၀၉-၇၇၄၀၉၄၀၂၃
၄	ဒေါ်ငယ်	ဦးစိန်	၉/ကဆန(နိုင်) ၁၂၄၈၅၉	၃၆	စာရင်းကိုင်	၀၉-၇၉၆၄၁၇၁၄
၅	ဦးကံညွန်	ဦးစကြီး	၉/ကဆန(နိုင်) ၀၅၂၄၉၂	၇၀	သော့ကိုင်-၁	‘ -
၆	ဦးအောင်နိုင်	ဦးတင်အောင်	၉/ကဆန(နိုင်) ၀၅၁၆၁၄	၄၈	သော့ကိုင်-၂	၀၉-၇၈၇၉၁၆၈၃၀
၇	ဦးကျော်သူစိုး	ဦးတင်ရွှေ	၉/ကဆန(နိုင်) ၁၂၉၂၁၂	၃၃	အဖွဲ့ဝင်	၀၉-၇၆၀၅၂၂၃၈၈
၈	ဦးသန်းစိုးအောင်	ဦးအောင်ငွေ	၉/ကဆန(နိုင်) ၁၄၅၇၂၆	၃၀	အဖွဲ့ဝင်	၀၉-၇၉၁၅၆၀၀၈၈
၉	ဦးကျော်တင်	ဦးချစ်မောင်	‘-	၆၂	အဖွဲ့ဝင်	၀၉-၇၉၆၁၀၉၀၁၉
၁၀	ဒေါ်မြင့်မြင့်ခိုင်	ဦးကြိုင်	၉/ကဆန(နိုင်) ၀၅၁၉၂၂	၄၈	အဖွဲ့ဝင်	၀၉-၇၇၉၄၇၈၅၀၅
၁၁	ဒေါ်မြည့်	ဦးငွေ	‘-	၃၀	အဖွဲ့ဝင်	-
၁၂	ဒေါ်အေးအေးခိုင်	ဦးထွေးမောင်	၉/ကဆန(နိုင်) ၁၂၄၉၂၄	၄၀	အဖွဲ့ဝင်	၀၉-၇၈၈၅၁၁၆၁၉
၁၃	ဦးမောင်စိုး	ဦးညီမောင်	၉/ကဆန(နိုင်) ၁၈၂၉၉၉	၄၄	အဖွဲ့ဝင်	၀၉-၇၈၆၄၀၅၃၆၇

နောက်ဆက်တွဲ (၂)

ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		**ကျား**	**မ**	**စုစုပေါင်း**
၁ နှစ် အောက်	နို့စို့အရွယ်	၆၆	၉၃	၁၅၉
၁ နှစ်မှ ၄ နှစ်	၅ နှစ်အောက်ကလေးငယ်	၂၅၈	၄၄၃	၇၀၁
၅ နှစ်မှ ၉ နှစ်	မူလတန်းကျောင်းသားအရွယ်	၂၇၈	၂၈၈	၅၆၆
၁၀ နှစ်မှ ၁၄ နှစ်	အလယ်တန်းကျောင်းသားအရွယ်	၂၃၉	၂၃၇	၄၇၆
၁၅ နှစ်မှ ၆၄ နှစ်	အလုပ်လုပ်နိုင်သည့်အရွယ်	၂၁၆၉	၂၀၈၀	၄၂၄၉
၆၅ နှစ် နှင့် အထက်	သက်ကြီးရွယ်ကြီး	၁၇၉	၁၉၆	၃၇၅
စုစုပေါင်း		၃၁၈၉	၃၃၅၇	၆၅၄၆
စုစုပေါင်း အိမ်ထောင်စု		၁၀၃၁		

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ အသက်အုပ်စု ၁ နှစ်အောက် ဆိုသည်မှာ မွေးကင်းစ မှ အသက် (၁) နှစ်မပြည့်မီ အရွယ်၊ ၁ နှစ်မှ ၄ နှစ် ဆိုသည်မှာ အသက် (၁) နှစ်ပြည့် အရွယ်မှ (၅) နှစ်မပြည့်မီ အရွယ်၊ ၅ နှစ်မှ ၉ နှစ် ဆိုသည်မှာ အသက် (၅) နှစ်ပြည့်သည်မှ အသက် (၁၀) နှစ်မပြည့်မီ အရွယ်၊ ၁၀နှစ်မှ ၁၄ နှစ်ဆိုသည်မှာ အသက် (၁၀) နှစ်ပြည့်သည်မှ အသက် (၁၅) နှစ်မပြည့်မီ အရွယ်၊ ၁၅ နှစ်မှ ၆၄နှစ် ဆိုသည်မှာ အသက် (၁၅)နှစ်ပြည့်သည်မှ အသက် (၆၅) နှစ်မပြည့်မီ အရွယ်၊ အသက် ၆၅နှစ်နှင့် အထက် ဆိုသည်မှာ အသက် (၆၅) နှစ်ပြည့် အရွယ်နှင့် ၎င်းထက် အသက်ကြီးသည့် အရွယ်များကို ဆိုလိုသည်။

လေ့လာတွေ့ရှိချက်။ ။ ဖျောက်ဆိပ်ပင်ကျေးရွာတွက် စုစုပေါင်းအိမ်ထောင်စု(၁၀၃၁) စုရှိပြီး လူဦးရေ မွေးဖွားနှုန်းမှာ အိမ်ထောင်စု၏ (၁၅.၄၂) ရာခိုင်နှုန်းဖြစ်သောကြောင့် သင့်တင့်မျှတသော ပေါက်ဖွားမှုဖြစ်ပါသည်။ ကျေးရွာလူဦးရေ၏ အလုပ်လုပ်နိုင်သူဦးရေမှာလည်း (၇၀)ရာခိုင်နှုန်း ခန့်ရှိပါသည်။

(ခ) အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ် ထောင်စု	မိသားစု ဝင် လုပ်အား		
စိုက်ပျိုးစီးပွား လုပ်ငန်းများ					
၁	**လယ်ယာစိုက်ပျိုးရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၇၅၆	၁၀၀	၁၇၀၀	မြင့် ☑ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	'-	'-	'-	မြင့် ☐ လတ် ☐ နိမ့် ☐
၂	**တိရစ္ဆာန် မွေးမြူရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၁၀၀	၂၀၀	၆၀၀	မြင့် ☑ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	'-	'-	'-	မြင့် ☐ လတ် ☐ နိမ့် ☐
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)**				
	ကိုယ်ပိုင် လုပ်ငန်း	'-	'-	'-	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	'-	'-	'-	မြင့် ☐ လတ် ☐ နိမ့် ☐
၄	သစ်တောလုပ်ငန်း				
	ကိုယ်ပိုင် လုပ်ငန်း	'-	'-	'-	မြင့် ☐ လတ် ☐ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ် ထောင်စု	မိသားစု ဝင် လုပ်အား		
	အလုပ်သမား / ဝန်ထမ်း	'-	'-	'-	မြင့် ☐ လတ် ☐ နိမ့် ☐
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ					
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**				
	ကိုယ်ပိုင် လုပ်ငန်း	'-	'-	'-	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၃၀	၁၅၀	၁၆၀	မြင့် ☐ လတ် ☐ နိမ့် ☑
၆	**ထုတ်ကုန်လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	'-	'-	'-	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	'-	'-	'-	မြင့် ☐ လတ် ☐ နိမ့် ☐
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**				
	ကိုယ်ပိုင် လုပ်ငန်း	'-	'-	'-	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	'-	'-	'-	မြင့် ☐ လတ် ☐ နိမ့် ☐
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	၃၀	၁၅၀	၁၀၀	မြင့် ☐ လတ် ☑ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	'-	'-	'-	မြင့် ☐ လတ် ☐ နိမ့် ☐
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	'-	'-	'-	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၂၀	၁၀	၁၅၀	မြင့် ☐ လတ် ☑ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ် ထောင်စု	မိသားစု ဝင် လုပ်အား		
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**				
	ကိုယ်ပိုင် လုပ်ငန်း	'-	'-	'-	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၁၀	၁၅	၂၀	မြင့် ☐ လတ် ☑ နိမ့် ☐
၁၁	**လက်လီ- လက်ကား ရောင်းဝယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၆၀	၇၅	၇၅၀	မြင့် ☐ လတ် ☑ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	'-	-	-	မြင့် ☐ လတ် ☐ နိမ့် ☐
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ် ☐ နိမ့် ☐
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	'-	'-	'-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ် ☐ နိမ့် ☐
၁၄	**ငွေရေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေရေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**				
	ကိုယ်ပိုင် လုပ်ငန်း	'-	'-	'-	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	'-	'-	'	မြင့် ☐ လတ် ☐ နိမ့် ☐
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	'-	'-	'-	မြင့် ☐ လတ် ☐ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ် ထောင်စု	မိသားစု ဝင် လုပ်အား		
	အလုပ်သမား / ဝန်ထမ်း	'-	'-	'-	မြင့် ☐ လတ် ☐ နိမ့် ☐
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့်ဝ် ဘေးကင်းလုံခြုံရေး)**				
	ကိုယ်ပိုင် လုပ်ငန်း	'-	'-	'-	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	'-	'-	'-	မြင့် ☐ လတ် ☐ နိမ့် ☐
၁၇	**ပညာရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၃	၆	'၇၀	မြင့် ☐ လတ် ☑ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	'-	'-	'-	မြင့် ☐ လတ် ☐ နိမ့် ☐
၁၈	**ကျန်းမာရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၂	၃	၄၀	မြင့် ☐ လတ် ☑ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	'-	'-	'-	မြင့် ☐ လတ် ☐ နိမ့် ☐
၁၉	**လူမှုရေး လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	'-	'-	'-	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	'-	'-	'-	မြင့် ☐ လတ် ☐ နိမ့် ☐
၂၀	**အိမ်များတွင် အတွားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	'-	'-	'-	
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား	'-	'-	'-	☒

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ် ထောင်စု	မိသားစု ဝင် လုပ်အား		
၂၁	ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ				
	ကိုယ်ပိုင် လုပ်ငန်း	'-	'-	'-	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	'-	'-	'-	မြင့် ☐ လတ် ☐ နိမ့် ☐
	စုစုပေါင်း	၁၀၃၁	၇၀၉	၃၀၄၀	☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာအိမ်ထောင်စု၏ (၃၃)%သည် စိုက်ပျိုးရေးလုပ်ငန်းများအား ကိုယ်ပိုင်လုပ်ငန်းအဖြစ် လုပ်ကိုင်ဆောင်ရွက်ကြပြီး ကျေးရွာအနီးတွင် မှန်စက်ရုံ၊ ဘိလပ်မြေစက်ရုံ၊ စသောစက်ရုံများရှိ၍ ၎င်းစက်ရုံများတွင် အမြဲတမ်းဝန်ထမ်းအဖြစ်လည်းကောင်း၊ ရံဖန်ရံခါ နေ့စားများအဖြစ်၎င်း လုပ်ကိုင်စားသောက်ကြသည်။

(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၈၀၀၀	၅၀၀၀	၆၀၀၀	၄၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား	'-	'-	'-	'-
၃	ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း)	နေ့စား	'-	'-	'-	'-
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း	နေ့စား	၁၀၀၀၀	၆၀၀၀	၈၀၀၀	၅၀၀၀
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား	၇၀၀၀	၇၀၀၀	၄၈၀၀	၄၈၀၀

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၁၂၀၀၀	၇၀၀၀	၇၀၀၀	၅၀၀၀
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး	နေ့စား	၁၅၀၀၀	'-	၁၀၀၀၀	'-
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား	၅၀၀၀	၅၀၀၀	၄၀၀၀	၃၀၀၀
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်)	နေ့စား	၁၅၀၀၀	၁၅၀၀၀	၁၀၀၀၀	၁၀၀၀၀
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း	နေ့စား	၅၀၀၀	၄၀၀၀	၄၀၀၀	၃၀၀၀

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

မှတ်ချက် (၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (**လစာ** ÷ ၂၂.၇၅)

(၂) **နာရီတွက်ဖြင့်ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ** = (**တစ်နာရီဝင်ငွေ** × ၈)

လေ့လာတွေ့ရှိချက်။ ။ လုပ်အားခနှုန်းထားများအနေဖြင့် ဖျောက်ဆိပ်ပင်ကျေးရွာတွင် ကျားလုပ်အားခနှင့်မ လုပ်အားခမှာ လွန်စွာခြားနားမှုမရှိပါ။

(က) သဘာဝရင်းမြစ်များ

(က-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

မြေအမျိုးအစား	**ဧရိယာ (ဧက)**	**မြေဆီလွှာ အရည်အသွေး** **(မှန်ရာတစ်ခုကိုသာ ရွေးရန်)**
လယ်မြေ	-	ကောင်း ☐ သင့် ☐ ညံ့ ☐
ယာမြေ / တောင်ယာမြေ	၂၀၀	ကောင်း ☐ သင့် ☑ ညံ့ ☐

မြေအမျိုးအစား	**ဧရိယာ (ဧက)**	**မြေဆီလွှာ အရည်အသွေး** **(မှန်ရာတစ်ခုကိုသာ ရွေးရန်)**
ဥယျာဉ်ခြံမြေ	၁၂၀	ကောင်း ☐ သင့် ☑ ညံ့ ☐
ကိုင်း / ကျွန်းမြေ	-	ကောင်း ☐ သင့် ☐ ညံ့ ☐
ခနိတောမြေ	-	ကောင်း ☐ သင့် ☐ ညံ့ ☐
စားကျက်မြေ	-	ကောင်း ☐ သင့် ☐ ညံ့ ☐
မြေလွတ် မြေလပ်	-	ကောင်း ☐ သင့် ☐ ညံ့ ☐
စုစုပေါင်း	၃၂၀	☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစိမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုး ကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာရှိတောင်သူအများစုတွင် ယာမြေ/ တောင်ယာမြေကို အများဆုံးပိုင်ဆိုင်ကြပြီး လယ်မြေနှင့် ဥယျာဉ်ခြံမြေပိုင်ဆိုင်သူများလည်း အနည်းငယ်ရှိကြသည်။ မြေဆီလွှာအရည်အသွေးမှာလည်း တောင်ကုန်းတောင်တန်းများနှင့် နီးသောနေရာများတွင် ကျောက်တုန်းကျောက်ခဲများမာခြင်း၊ ဖုတ်ထလွယ်သော မြေအမျိုးအစားများဖြစ်၍ ထူးခြားကောင်းမွန်သော မြေဆီလွှာဟူ၍ မရှိပါ။

(၈-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	**ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု** **(မှန်ရာတစ်ခုကိုသာ ရွေးရန်)**	**အသုံးချနိုင်မှု** **(မှန်ရာတစ်ခုကိုသာ ရွေးရန်)**
သတ္တုနှင့်ဝန်း အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက်စသည်။)	များ ☐ သင့် ☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☑

အမျိုးအစား	ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု **(မှန်ရာတစ်ခုကိုသာ ရွေးရန်)**	**အသုံးချနိုင်မှု** **(မှန်ရာတစ်ခုကိုသာ ရွေးရန်)**
ကျောက်၊ သဲ၊ ကျောက်စရစ် စသည်များ	များ ☑ သင့်□နည်း □ မရှိ □	လွယ် ☑ ခက် □ အသုံးမပြုနိုင်ပါ □
သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ □ သင့် ☑ နည်း □ မရှိ □	လွယ် □ ခက် □ အသုံးမပြုနိုင်ပါ ☑
သဘာဝ တိရစ္ဆာန်မျိုးစိတ်များ	များ □ သင့် □ နည်း □ မရှိ ☑	☒

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာအနီးပတ်ဝန်းကျင်တွင် ကျောက်ထုတ်လုပ်ရေး လုပ်ငန်းများရှိခြင်း၊ဘိလပ်မြေစက်ရုံ များရှိခြင်းတို့ကြောင့်ယခင်ထက် အလုပ်အကိုင်အခွင့်အလမ်း သင့်အတင့်ရရှိပါသည်။

(ဃ) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	**သတ်မှတ်စံနှုန်း**			
	အဆင်ပြေသော အိမ်ထောင်စု	**အလယ်အလတ်ရှိသောအိမ်ထောင်စု**	**မပြေလည်သော အိမ်ထောင်စု**	**အလွန်မပြေလည်သောအိမ်ထောင်စု**
မြေယာပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	အလွန်နည်း (သို့) မရှိ
အိမ်အခြေအနေ	အလွန်ကောင်း	အသင့်အတင့် ကောင်း	ညံ့	အလွန်ညံ့
ကုန်ထုတ်လုပ်မှုနှင့်ဆိုင်သော ပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	မရှိ
အဓိကစီးပွားရေး လုပ်ငန်း	စီးပွား (ဝင်ငွေ) အလွန်ကောင်း	စီးပွား (ဝင်ငွေ) အသင့်အတင့်	စီးပွား (ဝင်ငွေ) နည်း	စီးပွား (ဝင်ငွေ) အလွန်နည်း

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သောအိမ်ထောင်စု
အိမ်ထောင်စု	၁၀၀	၇၃၅	၁၂၀	၇၆

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာရှိအဆင်ပြေသောအိမ်ထောင်စုများမှာ တောင်သူကြီးများဖြစ်ကြပြီး ကျေးရွာ၏ (၁၂)% ခန့်ရှိပြီး အလယ်အလက်နှင့် မပြေလည်သော အိမ်ထောင်စုများမှာ တောင်သူများ ၊ စက်ရုံ၊အလုပ်ရုံများတွင် အမြဲတမ်း လုပ်ကိုင်သူ ဝန်ထမ်းများနှင့် ရံဖန်ရံခါ နေ့စားလုပ်ကိုင်ကြသူများ ဖြစ်ပါသည်။

(c) ထိခိုက်လွယ်မှု

(c-၁) ဝမ်းစာ ဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာ ဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စု အရေ အတွက်	ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)	
၃လအောက် ဝမ်းစာဖူလုံမှု	၂၀	အခြားအစာပြောင်းလဲစား	= ၀
		အစာလျှော့စား	= ၀
		အထောက်အပံ့ယူ	= ၀
		ချေးယူ	= ၁၀
		လုပ်အားခကြိုယူ	= ၁၀
၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု	၁၀	အခြားအစာပြောင်းလဲစား	= ၀
		အစာလျှော့စား	= ၀
		အထောက်အပံ့ယူ	= ၅
		ချေးယူ	= ၅

အချိန်ကာလ	အိမ်ထောင်စု အရေ အတွက်	ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
		လုပ်အားခကြိုယူ =၀
၆ လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု	၅	အခြားအစာပြောင်းလဲစား =၀ အစာလျှော့စား =၀ အထောက်အပံ့ယူ =၀ ချေးယူ =၃ လုပ်အားခကြိုယူ =၂

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင်ဝမ်းစာဖူလုံမှုမရှိသောအိမ်ထောင်စုအရေအတွက်(၃၅)အိမ်ထောင်စုရှိပါသည်။

(၄-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက်	'-	'-	'-
မိသားစု/ရပ်ရွာ၏ စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ်	'-	'-	'-
	အိမ်ထောင်စု အရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု	'-		
ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု	'-		
အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု	'-		

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ မရှိပါ။

(၄-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား(အခြေအနေ)	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
၁	စားနပ်ရိက္ခာ မဖူလုံမှု	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၂	သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ)	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၃	ရေကြီးခြင်း	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၄	မိုးခေါင်ခြင်း	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၅	အအေးလွန်ကဲခြင်း	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၆	မုန်တိုင်း	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၇	ငလျင်	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၈	မီးဘေး	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၉	ဆားငန်ရေဝင်မြေ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၀	မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၁	သစ်တောပြုန်းတီးခြင်း	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၁၂	ငှက်ဖျားရောဂါ	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၁၃	တီဘီရောဂါ	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	မြင့်☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၅	ပြည်တွင်း ပဋိပက္ခ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၆	တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၇	လူကုန်ကူးခြင်း	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၈	ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲစသည်	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ ။ ထိခိုက်သက်ရောက်လွယ်မှုဆိုရာ၌ ကျေးရွာတွင် စားနပ်ရိက္ခာမဖူလုံခြင်း၊ ရေကြီးခြင်း၊ မိုးခေါင်ခြင်းစသည့်အခြေအနေများ ဖြစ်ပေါ်ခြင်းရှိပါက ယင်းဖြစ်စဉ်များအတွက် ကျေးရွာသူရွာသားများ ထိခိုက်သက်ရောက်မှု ရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါက ကျေးရွာ၏ မည်သို့သော အိမ်ထောင်စုများနှင့် အိမ်ထောင်စုမည်မျှ ထိခိုက်သက်ရောက်မှု ခံစားကြရပါသလဲ။ (ဥပမာ။ ။

အိမ်ထောင်စု ၁၀၀ တွင် ၂၅ အိမ်ထောင်စု အောက် - နိမ့်

အိမ်ထောင်စု ၁၀၀ တွင် ၂၅ မှ ၅၀ အိမ်ထောင်စု - လတ်

အိမ်ထောင်စု ၁၀၀ တွင် ၅၀ အိမ်ထောင်စု အထက် - မြင့်)

လေ့လာတွေ့ရှိချက်။ ။ဖျောက်ဆိပ်ပင်ကျေးရွာတွင် သဘာဝဘေးအန္တရာယ်ကျရောက်မှု ထိခိုက်မှုများကြုံတွေ့မှု မရှိတာများလည်း တွေ့ရှိရပါသည်။

(၄-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
၁	လူငယ်	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၂	အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၃	မြေယာမဲ့၊ ဆင်းရဲသားတောင်သူ	မြင့် ☐ လတ် ☑ နိမ့် ☐ မရှိ ☐
၄	သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသော ဒေသတွင် နေထိုင်သူ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၅	မြစ်ကမ်းဘေး နေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၆	မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၇	ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP)	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၈	မြေနိမ့်ပိုင်း နေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်ဝဝ်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
၉	ငါးကန်ပိုင်ရှင်များ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၀	လက်လုပ်လက်စားများ၊ ကျပန်းများ	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၁၁	လူနည်းစုလူမျိုးများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၂	ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၃	နယ်စပ်ဒေသတွင် နေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၁၄	ရွှေတွင်းလုပ်သားများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၅	ဆေးစွဲသူများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၆	ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၇	လှည့်လည်သွားလာ၍ ဈေးရောင်းသူများ	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၁၈	နေရပ်ပြန် အခြေချသူများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၉	ရွှေပြောင်းလုပ်သားများ	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၂၀	ကားမောင်းပြီး အသက်မွေးသူများ	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ ။ ကျေးရွာရှိ လူငယ်များ၊ အမျိုးသမီးဦးဆောင်သောအိမ်ထောင်စုများ စသည်တို့သည် မည်သို့သောအခြေအနေများတွင် လွယ်လွယ်ကူကူ ထိခိုက်သက်ရောက်မှု ရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါက မည်မျှအထိ ထိခိုက်ကြပါသနည်း။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင်းထိခိုက်သက်ရောက်ခံရနိုင်သူလူဦးရေနည်းပါးပါသည်။

(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(က-၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခု ကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
၁	မမွေစကူး	၁ ☐ ၂ ☐ ၃ ☑	၂၀	၃၅	၅၅	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☑ စိုက်ပျိုးမွေးမြူရေး ☐ သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☑ သင့် ☐ ညံ့ ☐
၂	ဖြူစင်မေတ္တာ	၁ ☐ ၂ ☐ ၃ ☑	၄၅	၃၅	၈၀	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☐ ညံ့ ☐
၃		၁ ☐ ၂ ☐ ၃ ☐	‘-	‘-	‘-	ပညာရေး ☑ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☐ ညံ့ ☐

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခု ကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
၄		၁ ☐ ၂ ☐ ၃ ☐	‘-	‘-	‘-	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☐ ညံ့ ☐
၅		၁ ☐ ၂ ☐ ၃ ☐	‘-	‘-	‘-	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☐ ညံ့ ☐
၆		၁ ☐ ၂☐ ၃ ☐	‘-	‘-	‘-	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☐ ညံ့ ☐
၇		၁ ☐ ၂ ☐ ၃ ☐	‘-	‘-	‘-	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐	ကောင်း ☐ သင့်၀် ☐ ညံ့ ☐

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခု ကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
						စိုက်ပျိုးမွေးမြူရေး ☐ သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့်၊ ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် လူမှုရေးကိုအခြေခံသော အဖွဲ့(၄)ဖွဲ့၊ စီးပွားရေးကိုအခြေခံသောအဖွဲ့ (၁)ဖွဲ့၊ ဘာသာရေးကို အခြေခံသောအဖွဲ့ (၂)ဖွဲ့ရှိသည်။ ၎င်း အဖွဲ့အစည်းများသည် တာဝန်ယူ၊ တာဝန်ခံမှုအပြည့်ရှိကြသည် တစ်ဖွဲ့နှင့် တစ်ဖွဲ့ အပြန်အလှန် ယုံကြည်မှုအပြည့်ရှိကြသည်။

(က-၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်း အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့်ဝန် အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်ဝန်အထက်ရွေးနိုင်သည်)
၁	တူတူဖိုင်းနက်	၁ ☐ ၂ ☑ ၃ ☐ ၄ ☐ ၅ ☐ ၆ ☐ ၇ ☐	ပညာရေး ☐ ငွေကြေး ☑ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၂	စထာပါနာ	၁ ☐ ၂ ☑ ၃ ☐ ၄ ☐ ၅ ☐ ၆ ☐ ၇ ☐	ပညာရေး ☐ ငွေကြေး ☑ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐

စဉ်	အမည်	အဖွဲ့အစည်း အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့်ဝင်ရောက်ပတ်သက်မှုအဆင့် (အနည်းဆုံးတစ်ခုနှင့်ဝင်ရောက်ပတ်သက်မှုအဆင့်ရွေးနိုင်သည်)
၃	ဟောမာန်	၁ ☐ ၂ ☑ ၃ ☐ ၄ ☐ ၅ ☐ ၆ ☐ ၇ ☐	ပညာရေး ☐ ငွေကြေး ☑ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၄	မြကျွန်းသာ	၁ ☐ ၂ ☑ ၃ ☐ ၄ ☐ ၅ ☐ ၆ ☐ ၇ ☐	ပညာရေး ☐ ငွေကြေး ☑ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၅		၁ ☐ ၂ ☐ ၃ ☐ ၄ ☐ ၅ ☐ ၆ ☐ ၇ ☐	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၆		၁ ☐ ၂ ☐ ၃ ☐ ၄ ☐ ၅ ☐ ၆ ☐ ၇ ☐	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ) (ဥပမာ – ဓမ္မစကူးလ် ဖောင်ဒေးရှင်း၊ Christian Aid Missions စသည်)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ – Care International, Save the Children, Gret, Pact Myanmar စသည်)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) နိုင်ငံအများ၏ ရန်ပုံငွေဖြင့်ဆောင်ရွက်သော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ–ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) နိုင်ငံတစ်ခု၏ ရန်ပုံငွေဖြင့် ဖွဲ့စည်းထားသော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ GIZ, UKAid, USAid, စသည်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

နိုင်ငံတော်မှ ဒေသအကျိုး၊ ပြည်သူ့အကျိုးကို ထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာ ဥပဒေ၊ နည်းဥပဒေ၊ လမ်းညွှန်ချက်များဖြင့် ပြဋ္ဌာန်းကာ ဖွဲ့စည်းပေးထားနေသော အဖွဲ့အစည်း၊ အသင်းအဖွဲ့များ (ဥပမာ - သမဝါယမဦးစီးဌာန၏ သမဝါယမအသင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ မြစိမ်းရောင် စသည်) တို့ကို ဤဇယားတွင် ထည့်သွင်းဖော်ပြခြင်း မပြုပါရန်။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာသို့ပြင်ပအဖွဲ့အစည်းများမှ ငွေကြေးချေးပေးထားသော အဖွဲ့အစည်း (၄)ဖွဲ့ရှိပါသည်။

ထိုအဖွဲ့အစည်းအားလုံးသည် ချေးငွေကာလ (၁)နှစ်အတွင်းဖြစ်ကြပြီး အတိုးနှုန်းအားဖြင့် ၂.၅ကျပ်ဝန်းကျင်ရှိကြပါသည်။ ချေးငွေချေးယူသော အသင်းသားများအနေဖြင့် မြတ်ကျွန်းသာတွင် (၄၅)ဦး၊ စထာပါနာတွင် (၃၆)ဦး၊ ဟောမာန်တွင်(၅၄)ဦး၊ တူတူဖိုင်း နက်တွင် (၇၅)ဦး ရှိကြသည်။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ခ-၁) သီးနှံထုတ်လုပ်ရေး

(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စု အရေအတွက်	ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက်
၁	မြေယာမဲ့	၅၀	မြေမဲ့ယာမဲ့
၂	၂.၅ ဧကအောက်	၁၃၁	ဆင်းရဲသားတောင်သူ
၃	၂.၅ ဧကမှ ၅ ဧက ကြား	၃၂၉	တောင်သူငယ်
၄	၅ ဧကမှ ၁၂.၅ ဧက ကြား	၄၂၁	တောင်သူလတ်
၅	၁၂.၅ ဧက အထက်	၆၀	တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း		၁၀၃၁	☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာ၏ မြေယာပိုင်ဆိုင်မှုများအနေဖြင့် (၄.၈)%သည် မြေယာမဲ့ဆင်းရဲသားများ ဖြစ်ကြပါသည်။ ၎င်းမြေယာမဲ့များသည် အသက်မွေးဝမ်းကြောင်းအဖြစ် ကျပန်းလုပ်ကြသူများနှင့် စက်ရုံသို့လုပ်ကိုင်ကြသူများ ဖြစ်ပါသည်။

(၂) အစိုးရနှင့် ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့် ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ

စဉ်	အရင်းအမြစ်	ရေသောက်(ဧက)	ရေရရှိနိုင်မှု	
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက် (မှန်ရာ တစ်ခုကိုသာ ရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာရွေးရန်)
၁	ဆည်	'-	တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☐	ရှိ ☐ မရှိ ☐ မဖြေဆိုပါ☐
၂	ရေလွှဲဆည်	-	တစ်နှစ်ပတ်လုံး ☐	ရှိ ☐

စဉ်	အရင်းအမြစ်	ရေသောက်(ဧက)	ရေရရှိနိုင်မှု	
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက် (မှန်ရာ <u>တစ်ခုကိုသာ</u> ရွေးရန်)	**လုံလောက်မှု (ရှိ/မရှိ)** (မှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်)
			ရာသီအလိုက် ☐ မဖြေဆိုပါ ☐	မရှိ ☐ မဖြေဆိုပါ☐
၃	မြစ်ရေတင် စီမံကိန်း	-	တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☐	ရှိ ☐ မရှိ ☐ မဖြေဆိုပါ☐
၄	ရေသွင်းမြောင်း	-	တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☐	ရှိ ☐ မရှိ ☐ မဖြေဆိုပါ☐
၅	အဝီစိတွင်း	၃၂၀	တစ်နှစ်ပတ်လုံး ☑ ရာသီအလိုက် ☐ မဖြေဆိုပါ ☐	ရှိ ☑ မရှိ ☐ မဖြေဆိုပါ☐
၆	လက်ငင် ရေတွင်း	-	တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☐	ရှိ ☐ မရှိ ☐ မဖြေဆိုပါ☑
၇	စိမ့်စမ်းရေ	-	တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☑	ရှိ ☐ မရှိ ☐ မဖြေဆိုပါ☑
၈	ချောင်းရေ	-	တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☐	ရှိ ☐ မရှိ ☐ မဖြေဆိုပါ☑

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေး ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။စိုက်ပျိုးရေးနှင့်ပတ်သက်၍ ရေသွင်းယူခြင်း၊ အဝီစိတွင်းမှသုံးစွဲခြင်းနှင့်မိုးရေတို့ကိုသာ အဓိကအားထား အသုံးပြုနေရပါသည်။ စိုက်ပျိုးရေးအတွက် ရေတွင်းများတူးဖော်ပေးခြင်း၊ ရေသွင်းမြောင်း များပြုလုပ်ပေးနိုင်ပါက သီးနှံအထွက်တိုးနိုင်မည်ဖြစ်၍ ဝင်ငွေအမြောက်အများ ရရှိနိုင်ပြီး ကျေးရွာသည် တစ်စိတ်တစ်ဒေသ တိုးတက်နိုင်မည်ဖြစ်ပါသည်။

(၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း

သီးနှံ	စုစုပေါင်းစိုက်ကေ	တစ်ကေ အထွက်နှုန်း				သီးနှံစိုက်ပျိုး သည့်ကာလ		သွင်းအားစုလိုအပ်ချက် (မှန်ရာတစ်ခုကို သာ ရွေးရန်)	အမြတ် ရရှိနိုင်မှု (မှန်ရာတစ်ခုကို သာ ရွေးရန်)
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	မှ	ထိ		
ဌက်ပျော	၁၂၀		၁၀	၂၀	၁၅	ကဆုန်	နယုန်	မြင့်☐ လတ်☐ နိမ့် ☑	မြင့်☐ လတ်☐ နိမ့် ☑
ပဲတီစိမ်း	၁၀၀	တင်း	၂၀	၃၀	၁၀	နယုန်	ဝါခေါင်	မြင့်☐ လတ် ☐နိမ့် ☑	မြင့်☐ လတ် ☐နိမ့် ☑
ဝါ	၁၀၀	တင်း	၃၀၀	၄၀၀	၂၀၀	နယုန်	ဝါဆို	မြင့်☐ လတ်☐ နိမ့် ☑	မြင့်☐ လတ် ☐ နိမ့် ☑
								မြင့်☐ လတ်☐ နိမ့် ☐	မြင့်☐ လတ်☐ နိမ့် ☐
								မြင့်☐ လတ် ☐ နိမ့် ☐	မြင့်☐ လတ်☐ နိမ့် ☐

သီးနှံ	စုစုပေါင်းစိုက်ကေ	တစ်ကေ အထွက်နှုန်း				သီးနှံစိုက်ပျိုး သည့်ကာလ		သွင်းအားစုလိုအပ်ချက် (မှန်ရာတစ်ခုကို သာ ရွေးရန်)	အမြတ် ရရှိနိုင်မှု (မှန်ရာတစ်ခုကို သာ ရွေးရန်)
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	မှ	ထိ		
								မြင့်□ လတ်□ နိမ့် □	မြင့်□ လတ် □ နိမ့်□

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင်အဓိကသီးနှံများအဖြစ် ဝါ၊ပြောင်း၊ ကုလားပဲ၊ ပဲတီစိမ်းနှင့် ကြက်သွန်ကို ရာသီအလိုက် စိုက်ပျိုးကြပါသည်။

(၄) လယ်ယာသုံး စက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

စက်အမျိုးအစား	တစ်ဦးချင်းပိုင်	ရွာပိုင်	အဖွဲ့ပိုင်	ငှားရမ်းလုပ်ကိုင်နေသော တောင်သူအရေအတွက်
ထွန်စက်	၁၀	'-	'-	၉၃၀
လက်တွန်းထွန်စက်	၂	'-	'-	'-
အစေ့ချ ကိရိယာ	'-	'-	'-	'-
ရိတ်သိမ်းခြွေလှေ့စက်	၂၀	'-	'-	၈၀
ရိတ်သိမ်းစက်	'-	'-	'-	'-
ခြွေလှေ့စက်	၂၀	'-	'-	'-
ရေစုပ်စက်	၁၅	'-	'-	'-
ခြေနင်းရေတင်စက်	-	'-	'-	'-
မြက်ရိတ်စက်	'-	'-	'-	'-

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင်စိုက်ပျိုးရေးသုံးကိရိယာများအဖြစ် ထွန်စက်၊ ရိတ်သိမ်းစက်၊ ခြွေလှေ့စက်များကို အသုံးပြုပိုင်ဆိုင်ကြသည်။ ထွန်စက်မှာ(၁၀)ဦ :ပိုင်ဖြစ်ပြီး အိမ်ထောင်စု(၉၃၀)ခန့် နှစ်စဉ်ပျမ်းမျှငှားရမ်းအသုံးပြုကြသည်။

(၅) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

အခွင့်ဝဝ်အလမ်း	**ဖော်ပြချက်/ရှင်းလင်းချက်** **(မှန်ရာတစ်ခုကိုသာ ရွေးရန်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကိုရွေးရန်။)**
သဘာဝ ရေမြေရာသီဥတု အနေအထား	အလွန်ကောင်း☐ ကောင်း☑ သင့်တင့်မျှတ☐ မဖြေဆိုပါ ☐
လယ်ယာမြေ အသုံးချနိုင်မှု	အလွန်ကောင်း☐ ကောင်း☑ သင့်တင့်မျှတ☐ မဖြေဆိုပါ ☐
စိုက်ပျိုးရေ အရင်းအမြစ်	ပေါများ ☐ အသင့်အတင့်ရှိ ☑ မဖြေဆိုပါ ☐
ချေးငွေနှင့် ငွေကြေးဝန်ဆောင်မှု	အလွယ်တကူရသည် ☐ ရသည် ☑ မဖြေဆိုပါ ☐
သီးနှံမျိုးစေ့ ရရှိနိုင်မှု	မျိုးကောင်းမျိုးသန့်များကိုလွယ်ကူစွာဝယ်ယူနိုင်သည်☐ သီးနှံမျိုးစေ့များ ဝယ်ယူရရှိနိုင်သည် ☑ မဖြေဆိုပါ ☐
သဘာဝမြေဆွေး / အော်ဂဲနစ် မြေဩဇာ နှင့် အခြား အော်ဂဲနစ် သွင်းအားစုများ	လွယ်ကူစွာဝယ်ယူ/ရနိုင်သည်☐ ဝယ်ယူရနိုင်သည်☑ မဖြေဆိုပါ ☐
ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေဩဇာနှင့်အခြား ဓာတုဗေဒ သွင်းအားစုများ	လွယ်ကူစွာဝယ်ယူ/ရနိုင်သည်☐ ဝယ်ယူရနိုင်သည်☑ မဖြေဆိုပါ ☐
လုပ်သားရရှိနိုင်မှု	အလွယ်တကူ ရနိုင်သည် ☐ ရနိုင်သည် ☑ မဖြေဆိုပါ ☐
နည်းပညာ၊ အုပ်ချုပ်ရေး ပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ	အလွယ်တကူ ရနိုင်သည် ☐ ရနိုင်သည် ☑ မဖြေဆိုပါ ☐
သီးနှံဈေးကွက်နှင့် ကုန်သွယ်မှု	သီးနှံများကို လွယ်ကူစွာနှင့် ဈေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချနိုင်သည် ☐ သီးနှံများကို ရောင်းချနိုင်သည် ☑ မဖြေဆိုပါ ☐

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ် အစိုးရဦးစီး ဌာနများ။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာ၏အနီးအနားတွင်သာဘာဝဓါတ်မြေဩဇာစက်ရုံများရှိသည့်အတွက် လွယ်ကူစွာ ဝယ်ယူနိုင်ပါသည်။ စိုက်ပျိုးရေး လုပ်သားအနေဖြင့် ရရှိနိုင်သော်လည်း စက်ရုံ၊ အလုပ်ရုံများတွင် အခွင့်အလမ်းပိုများ၍ လုပ်သားအင်အား ရရှိနိုင်မှု ပေါများပါသည်။ စိုက်ပျိုးရေးနည်းပညာများအား ဆေးကုမ္ပဏီများမှ ရံဖန်ရံခါတွင် လာရောက်ပညာပေး ဟောပြောမှုရှိပါသည်။

(၆) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ

ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ

ပြဿနာနှင့် အခက်အခဲများ	ဖော်ပြချက်/ရှင်းလင်းချက် (<u>အနည်းဆုံးတစ်ခုနှင့်ဝဝ်</u> အထက် ရွေးနိုင်သည်။ ဇယား ၁၇ နှင့်ဝဝ် ၁၈ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကို ရွေးရန်။)		
သဘာဝ ရေမြေရာသီဥတု အနေအထား	မြေဆီဩဇာမကောင်း ☐	ရာသီဥတုမမှန် ☑	မဖြေဆိုပါ ☐
လယ်ယာမြေ အသုံးချနိုင်မှု	လယ်ယာမြေတိုးချဲ့နိုင်မှုမရှိပါ☐ လယ်ယာမြေဆုံးရှုံးမှုများသည် ☐ လယ်ယာမြေဆုံးရှုံးမှုအသင့်အတင့်ရှိသည်☑ ပလပ်မြေများရှိသည် ☐ ပလပ်မြေအသင့်အတင့်ရှိသည် ☐ မဖြေဆိုပါ ☐		
စိုက်ပျိုးရေ အရင်းအမြစ်	အလွယ်တကူမရနိုင် ☐	လုံးဝမရ ☑	မဖြေဆိုပါ ☐
ချေးငွေနှင့် ငွေကြေးဝန်ဆောင်မှု	အလွယ်တကူမရနိုင် ☑	လုံးဝမရ ☐	မဖြေဆိုပါ ☐
သီးနှံမျိုးစေ့ ရရှိနိုင်မှု	အလွယ်တကူမရနိုင် ☑	လုံးဝမရ ☐	မဖြေဆိုပါ ☐
သဘာဝမြေဆွေး / အော်ဂဲနစ် မြေဩဇာနှင့် အခြား အော်ဂဲနစ် သွင်းအားစုများ	အလွယ်တကူမရနိုင် ☑	လုံးဝမရ ☐	မဖြေဆိုပါ ☐

ပြဿနာနှင့် အခက်အခဲများ	ဖော်ပြချက်/ရှင်းလင်းချက် (<u>အနည်းဆုံးတစ်ခုနှင့်ဝဝ် အထက်</u> ရွေးနိုင်သည်။ ဥပမာ ၁၇ နှင့်ဝဝ် ၁၈ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကို ရွေးရန်။)
ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေဩဇာနှင့် အခြား ဓာတုဗေဒ သွင်းအားစုများ	အလွယ်တကူမရနိုင် ☑ လုံးဝမရ ☐ မဖြေဆိုပါ ☐
လုပ်သားရရှိနိုင်မှု	အလွယ်တကူမရနိုင် ☑ လုံးဝမရ ☐ မဖြေဆိုပါ ☐
နည်းပညာ၊အုပ်ချုပ်ရေးပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ	အလွယ်တကူမရနိုင် ☑ လုံးဝမရ ☐ မဖြေဆိုပါ ☐
သီးနှံစျေးကွက်နှင့် ကုန်သွယ်မှု	သီးနှံများကို လွယ်ကူစွာနှင့် စျေးနှုန်းမှန်ကန်စွာဖြင့် မရောင်းချနိုင်ပါ ☑ သီးနှံများကိုရောင်းချရန်စျေးကွက်မရှိပါ☐ မဖြေဆိုပါ ☐
ဖျက်ပိုးနှင့် ရောဂါကျရောက်မှု	ဆိုးရွားစွာကျ ☐ အသင့်အတင့်ကျ☐ အနည်းငယ်☐ မဖြေဆိုပါ ☐

ရင်းမြစ် (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ် အစိုးရဦးစီးဌာနများ။

လေ့လာတွေ့ရှိချက်။ ။သီးနှံထုတ်လုပ်ရေးနှင့်ပတ်သက်၍ ဆိုးရွားသောခက်ခဲမှုမျိုးမရှိပါ။ ပိုမိုတိုးတက် ကောင်းမွန်သော သီးနှံအထွက် တိုးစေရန် မြောင်းရေသွယ်ယူပေးခြင်း၊ စိုက်ပျိုးရေးအတွက် စက်ရေတွင်းများ တူးဖော်ပေးခြင်းများ ဆောင်ရွက် သင့်ပါသည်။

(ခ-၂) မွေးမြူရေးလုပ်ငန်း

(၁) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေ

ဇယား (၁၉) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

မွေးမြူရေးနှင့် ငါးလုပ်ငန်း	မွေးမြူရေးနှင့် ငါးလုပ်ငန်း လုပ်ကိုင်နေသော အိမ်ထောင်စု	ကောင်ရေ
မွေးမြူရေး		
နွား	၆၁၃	၁၂၂၆

မွေးမြူရေးနှင့် ငါးလုပ်ငန်း	မွေးမြူရေးနှင့် ငါးလုပ်ငန်း လုပ်ကိုင်နေသော အိမ်ထောင်စု	ကောင်ရေ
နို့စားနွား	၂	၁၁၂
ကျွဲ	‘-	‘-
မြင်း	‘-	‘-
မြည်း	‘-	‘-
လား	‘-	‘-
ဆိတ်	၄	၁၄၅
သိုး	‘-	‘-
ဝက်	၁၀၅	၂၁၀
ကြက်	‘-	‘-
ဘဲ	‘-	‘-
နွားနောက်	‘-	‘-
ငါးလုပ်ငန်း		
ငါးကန်	‘-	‘-
ပုဇွန်ကန်	‘-	‘-
ဂဏန်း မွေးမြူရေးလုပ်ငန်း	‘-	‘-
ရေချို ငါးဖမ်းလုပ်ငန်း	‘-	‘-
ကမ်းလွန် ငါးဖမ်းလုပ်ငန်း	‘-	‘-

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် မွေးမြူရေးလုပ်ငန်းများအဖြစ် နွား၊နို့စားနွားနှင့်ဝက်တို့ကို အဓိကထား မွေးမြူ ကြပြီး ဆိတ်များလည်း အိမ်ထောင်စု အနည်းငယ် မွေးမြူကြပါသည်။ ငါးလုပ်ငန်းနှင့် ပတ်သက်၍ မွေးမြူထုတ်လုပ်ခြင်းမျိုးမရှိပါ။

(၂) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား (၂၀) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

အခွင့်အလမ်း	**ဖော်ပြချက်/ ရှင်းလင်းချက် (<u>မှန်ရာတစ်ခုကိုသာ</u> ရွေးရန်။ ဇယား ၂၀ နှင့် ၂၁ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကို ရွေးရန်။)**
မွေးမြူရေး	
စားကျက်မြေ	ပေါများ ☐ အသင့်အတင့် ☑ မဖြေဆိုပါ ☐
ရေရရှိမှု	အလုံအလောက်ရနိုင် ☐ အသင့်အတင့်ရနိုင် ☑ မဖြေဆိုပါ ☐
မျိုးတိရစ္ဆာန် လက်လှမ်းမီမှု	မျိုးကောင်းတိရစ္ဆာန်များလွယ်ကူစွာဝယ်ယူရနိုင်☐ မျိုးကောင်းတိရစ္ဆာန်များ အသင့်အတင့်ဝယ်ယူ ရနိုင် ☑ မဖြေဆိုပါ ☐
ချေးငွေ	ချေးငွေလွယ်ကူစွာရနိုင် ☐ ချေးငွေအသင့်အတင့်ရနိုင် ☑ မဖြေဆိုပါ ☐
သွင်းအားစု(မွေးမြူရေး အစာ၊ဆေးစသည်)ဈေးကွက်	သွင်းအားစုများလွယ်ကူစွာဝယ်ယူနိုင်သည်☐ သွင်းအားစုများ ဝယ်ယူနိုင်သည်☑ မဖြေဆိုပါ ☐
ဝန်ဆောင်မှု နှင့် နည်းပညာပံ့ပိုးမှု	နည်းပညာနှင့် အုပ်ချုပ်ရေးဆိုင်ရာ ဝန်ဆောင်မှုများ အလွယ်တကူ ရနိုင်သည်။ ☐ နည်းပညာနှင့် အုပ်ချုပ်ရေးဆိုင်ရာ ဝန်ဆောင်မှုများ ရနိုင်သည်။ ☑ မဖြေဆိုပါ ☐
ထုတ်ကုန် ရောင်းဝယ်မှု	ထုတ်ကုန်များကိုလွယ်ကူစွာနှင့်ဈေးနှုန်းမှန်ကန်စွာဖြင့်ရောင်းချနိုင်သည်☐ ထုတ်ကုန်များကို ရောင်းချနိုင်သည် ☑ မဖြေဆိုပါ ☐
အိမ်ခြံဝင်းအတွင်း မြေနေရာ လုံလောက်မှု	အလုံအလောက်ရှိသည် ☐ အသင့်အတင့်ရှိသည် ☑ မဖြေဆိုပါ ☐
ငါးလုပ်ငန်း	
ငါး/ပုဇွန်မွေးမြူရန် ရေမြေ အနေအထား	အလွန်ကောင်း ☐ ကောင်း ☐ သင့်တင့်မျှတ ☐ မဖြေဆိုပါ ☑
ငါး/ပုဇွန်သားပေါက် လက်လှမ်းမီမှု	လိုသလောက် လွယ်ကူစွာ ဝယ်ယူရရှိနိုင်သည် ☐ ဝယ်ယူရနိုင်သည် ☐ မဖြေဆိုပါ ☑
ချေးငွေ	လိုသလောက် လွယ်ကူစွာ ချေးငွေရရှိနိုင်သည် ☐ ချေးငွေရနိုင်သည်

အခွင့်အလမ်း	**ဖော်ပြချက်/ ရှင်းလင်းချက် (<u>မှန်ရာတစ်ခုကိုသာ</u> ရွေးရန်။ ဇယား ၂၀ နှင့် ၂၁ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကို ရွေးရန်။)**
	☐ မဖြေဆိုပါ ☑
သွင်းအားစု လက်လှမ်းမီမှု	သွင်းအားစုများ လွယ်ကူစွာ ဝယ်ယူနိုင်သည် ☐ သွင်းအားစုများ ဝယ်ယူနိုင်သည် ☐ မဖြေဆိုပါ ☑
နည်းပညာ အကူအညီနှင့် နည်းလမ်းများ	နည်းပညာနှင့် အုပ်ချုပ်ရေးဆိုင်ရာ ဝန်ဆောင်မှုများ အလွယ်တကူ ရနိုင်သည်။ ☐ နည်းပညာနှင့် အုပ်ချုပ်ရေးဆိုင်ရာ ဝန်ဆောင်မှုများ ရနိုင်သည်။ ☐ မဖြေဆိုပါ ☑
ထုတ်ကုန် ရောင်းဝယ်မှု	ထုတ်ကုန်များကို လွယ်ကူစွာနှင့် စျေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချနိုင်သည် ☐ ထုတ်ကုန်များကို ရောင်းချနိုင်သည် ☐ မဖြေဆိုပါ ☑
ငါးဖမ်းခွင့် ရရှိနိုင်မှု	လွယ်ကူသည် ☐ အသင့်အတင့် လွယ်ကူသည် ☐ မဖြေဆိုပါ ☑

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ တိရိစ္ဆာန်များ ထုတ်လုပ်မွေးမြူနိုင်ရေးအတွက် စားကျက်မြေ အသင့်အတင့်ရှိပါသည်။ တိရိစ္ဆာများ မျိုးကောင်းများသည် ငွေပေါ်တွင်မူတည်ပြီး မျိုးကောင်းမျိုးသန့်များလည်း ဝယ်ယူရရှိနိုင်ပါသည်။ နို့စားနွား မှထွက်ရှိသော နွားနို့များအား ကျေးရွာတွင်း အိမ်တွင်းစားသုံးရန်သာမွေးမြူခြင်းဖြစ်ပါသည်။

(၃) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား (၂၁) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ပြဿနာနှင့် အခက်အခဲများ	**ဖော်ပြချက်/ ရှင်းလင်းချက် (<u>အနည်းဆုံးတစ်ခုနှင့်ဝဝ် အထက်</u> ရွေးနိုင်သည်။ ဇယား ၂၀ နှင့်ဝဝ် ၂၁ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ် ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကို ရွေးရန်။)**
မွေးမြူရေး	
